# သင်သည်
# မည်သည့် အသင်းတော်က
# ပိုင်ဆိုင်ပါလဲ

**အသင်းတော် ဆိုသည်မှာ "ခေါ်ထုတ်ခြင်း ခံရသူ"ဟု အဓိပ္ပါယ်ရသည်။**

*"အက်ကလီးရှား"* (ekklesia) - ခေါ်ထုတ်ခြင်း

သင်သည် "ယေရှုနောက်လိုက်ရန် ဤလောကမှ ခေါ်ထုတ်ခြင်း ခံရသူတစ်ဦး ဖြစ်ပါသလား"။

## "အသင်းတော်"သည် မည်သူ ပိုင်ပါသနည်း။

ယေရှုက *"ငါ့အသင်းကို ငါတည်ဆောက်မည်"*ဟု ပြောထားသည်။ **မဿဲ ၁၆း၁၈**

အသင်းတော်သည် ယေရှုကပိုင်သည်။

အသင်းတော်သည် ခရစ်တော်၏ ခန္ဓာကိုယ်ဖြစ်သည်။

*"သင်တို့သည် ခရစ်တော်၏ ကိုယ်ဖြစ်ကြ၏။ အသီးသီး အင်္ဂါတော်ဖြစ်ကြ၏"* **၁ကော ၁၂း၂၇**

ယေရှုကို ယုံကြည်သူများ အနေဖြင့် ကျွန်ုပ်တို့သည် သူ၏ ကိုယ်ခန္ဓာနှင့် စပ်ဆိုင်သည်။

## ခရစ်တော်သည် သူ၏ ကိုယ်ခန္ဓာဖြစ်သော အသင်းတော်၏ ဦးခေါင်းဖြစ်သည်

*"ခရစ်တော်သည် အသင်းတော်၏ အပေါ်မှာ ခေါင်းဖြစ်တော်မူသကဲ့သို့၊ ...မိမိကိုယ်ကို ကယ်တင်သောသူ ဖြစ်တော်မူ၏"* **ဧဖက် ၅း၂၃**

*"အသင်းတော် တည်းဟူသော ကိုယ်၏ ဦးခေါင်းတော်ဖြစ်တော်မူ၏ ..."* **၁ကော ၁း၁၈**

အသင်းတော်၌ ဦးခေါင်းတစ်ခုတည်းသာ ရှိသည်

## အသင်းတော်သည် ဘုရားသခင်၏ အိမ်တော်ဖြစ်သည်။

*"ခရစ်တော်မူကား၊ သားကဲ့သို့ အိမ်တော်ကို အုပ်စိုး၍ သစ္စာစောင့်တော်မူ၏။ ငါတို့သည်ကား ... ထိုအိမ်တော်ဖြစ်သတည်း"* **ဟေဗြဲ ၃း၆**

## သူသည် အသင်းတော်အတွက် အုတ်မြစ်ချထားသည်

*"အဘယ်သို့နည်းဟူမူကား၊ တမန်တော်မှစ၍ ပရောဖက်များ တည်းဟူသော တိုက်မြစ်ပေါ်၌ သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျက် ရှိကြ၏"* **ဧဖက် ၂း၂၀**

တမန်တော်များနှင့် ပရောဖက်များသည်
ဘုရားသခင်၏ ခန့်အပ်ခြင်းအားဖြင့်
အသင်းတော်၏ အုတ်မြစ်ဖြစ်ကြသည်။

## ဘုရားသခင်သည် သူ၏ အသင်းတော်၌ အစီအစဉ် ချမှတ်ထားသည်

*"ဘုရားသခင်သည် ပဌမအရာ၌ တမန်တော်တို့ကိုငင်း၊ ဒုတိယအရာ၌ငင်း၊ ထို့နောက် တန်ခိုးပြသောသူတို့ကိုငင်း၊ ထို့နောက် အနာရောဂါကို ငြိမ်းစေနိုင်သော အခွင့်ရှိသောသူတို့ကိုငင်း၊ ခန့်ထားတော်မူ၏"*။ **၁ကော ၁၂း၂၈**

## ယေရှုခရစ်၏ အသင်းတော်သည် များစွာသော ခန္ဓာကိုယ်အင်္ဂါ အသီးသီးဖြစ်သည်

*"ကိုယ်တစ်ခုတည်း၌ အင်္ဂါများ ရှိသည်ဖြစ်၍၊ ထိုတစ်ခုတည်းသော ကိုယ်၏အင်္ဂါ အပေါင်းတို့သည် များလျက်နှင့် ကိုယ်တစ်ခုတည်းဖြစ်သကဲ့သို့၊ ထိုနည်းတူ ခရစ်တော်ဖြစ်၏"* **၁ကော ၁၂း၁၂**

ခရစ်တော်သည် ဦးခေါင်း + များစွာသော အင်္ဂါများ
= အသင်းတော်

အင်္ဂါတစ်ခုစီကို ဘုရားသခင်က ကိုယ်ခန္ဓာထဲတွင် နေရာချထားသည်။

*"ဘုရားသခင်သည် အလိုတော်ရှိသည်အတိုင်း အင်္ဂါများ အသီးသီးတို့ကို ကိုယ်၌ စီရင်ခန့်ထားတော်မူ၏"* **၁ကော ၁၂း၁၈**

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကိုယ်ခန္ဓာထဲတွင်
နေရာချထားသည်။

## ခန္ဓာကိုယ် အင်္ဂါတိုင်းသည် အလုပ်လုပ်ရန် လိုအပ်သည်

ကျွန်ုပ်တို့သည် *"ထိုဦးခေါင်းမှ၊ အဆစ်အပိုင်းများတို့သည် အားဖြည့်သဖြင့်၊ တကိုယ်လုံးသည် စေ့စပ်ထုံးဖွဲ့လျက်၊ အသီးသီးအင်္ဂါများ ကိုယ်ငန်းကိုယ်တာအတိုင်း ပြုပြင်သည်နှင့်အညီ၊ မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက်ခြင်းငှါ ကြီးပွားစေတတ်၏"* **ဧဖက် ၄း၁၆**

ကိုယ်ခန္ဓာ၏ အင်္ဂါတစ်ခုစီသည် ဦးခေါင်းနှင့် မှန်ကန်စွာ ဆက်စပ်မှုရှိလျှင် အသင်းတော်သည် ရင့်ကျက်လာလိမ့်မည်

## အမှုတော်ဆောင်လုပ်ငန်း ငါးမျိုးသည် အသိအမှတ်ပြုကြ ၍ အလုပ်လုပ်နေသည်

*"ခရစ်တော်၏ ကိုယ်တော်ကို တည်ဆောက်၍၊ ဓမ္မဆရာ၏ အမှုကို ပြုတတ်မည်အကြောင်း လူအချို့တို့ကို တမန်တော်အရာ၌၎င်း၊ အချို့တို့ကို ပရောဖက်အရာ၌၎င်း၊ အချို့တို့ကို သာသနာပြုအရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်ဆရာ၊ ဆရာအရာ၌၎င်း၊ ခန့်ထားတော်မူ၏"*။ **ဧဖက် ၄း ၁၁-၁၂**

ဆုကျေးဇူး ငါးခုအားလုံးသည် ကိုယ်ခန္ဓာအား ကျေးဇူးတရားကို လွှတ်ပေးသည်။

## ဤဆုကျေးဇူးများသည် ခန္ဓာကိုယ် ရင့်ကျက်ကြီးထွားလာစေရန် ဓမ္မအမှု၏ လုပ်ငန်းကို လုပ်ဆောင်ရန်ဖြစ်သည်။

*"ခရစ်တော်၏ ကိုယ်တော်ကို တည်ဆောက်၍၊ ဓမ္မဆရာ၏ အမှုကို ပြုတတ်မည်အကြောင်း၊ သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှါ"* **ဧဖက် ၄း၁၂**

*"ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏ သားတော်ကို သိကျွမ်းခြင်းသို့၎င်း၊ တစ်ညီတညွတ်တည်း ရောက်၍ ခရစ်တော်၏ ပြည့်စုံခြင်းပမာဏ အရပ်တည်း ဟူသော ကြီးရင့်သော လူ၏အဖြစ်သို့ ရောက်ကြသည် တိုင်အောင် ဖြစ်သတည်း"* **ဧဖက် ၄း၁၃**

## အသင်းတော်သည် အသက်ကျောက်များဖြင့် တည် ဆောက်ထားသည်။

*"အသက်ကျောက်များကဲ့သို့ အဆင့်ဆင့် အထပ်ထပ် တည်ဆောက်လျက်ရှိသဖြင့် ဓမ္မတိုက်ဖြစ်ကြ၏။ ယေရှုခရစ်အားဖြင့် ဘုရားသခင်နှစ်သက်တော်မူရာ ဓမ္မယဇ်ကို ပူဇော်ရသော သန့်ရှင်းသော ယဇ်ပုရောဟိတ်မျိုးလည်း ဖြစ်ကြ၏"* **၂ပေ ၂း၅**

ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ အိမ်တော်ဖြစ်၍ ကိုးကွယ်ခြင်း၊ ချီးမွမ်းခြင်း၊ ဆုတောင်းခြင်း၊ ကိုယ်စားပြုဆုတောင်းခြင်း၊ ဝိညာဉ်ပိုင်ဆိုင်ရာ ယဇ်ပူဇော်ရသည်။

## အသင်းတော်သည် ဘုရားသခင်၏ ကျိန်းဝပ်သည့်နေရာ ဖြစ်ရမည်။

*"ထိုတိုက်ထောင့် အမြစ်ကျောက်ကား၊ ယေရှုခရစ်ဖြစ်သတည်း။ ထိုကျောက်နှင့် တတိုက်လုံးသည် စေ့စပ်၍ ကြီးပွားသဖြင့်၊ သခင်ဘုရားအဘို့ အလိုတော်ငှါ သန့်ရှင်းသော ဗိမာန်တော်ဖြစ်၏။ ထိုဗိမာန်တော်၌လည်း၊ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ကျိန်းဝပ်တော်မူခြင်းအလို့ငှါ၊ သင်တို့သည် ငါတို့နှင့်အတူ တည်ဆောက်လျက်ရှိကြ၏"*။ **ဧဖက် ၂း၂၁-၂၂**

ကျွန်ုပ်တို့သည် သခင်ခရစ်တော်၌ တစ်လုံးတစ်ဝတည်း ဖြစ်ခြင်းအားဖြင့်၊ သူသည် ကျွန်ုပ်တို့၌ ကျိန်းဝပ်နိုင်သည်။

**၎င်းသည် အောင်ပွဲခံသော အသင်းတော်ဖြစ်သည်။ ကျွန်ုပ်တို့၏ ခြေဖဝါးအောက်၌ ရန်သူကိုချထား၍၊ ခပ်သိမ်းသော အထွဋ်အမြတ်နှင့် တန်ခိုးတို့၏ အထက်၌ ကျွန်တော်တို့သည် ခရစ်တော်နှင့်အတူ ထိုင်ရပါမည်။**

*"ခြေဘဝါးတော်အောက်သို့ အလုံးစုံတို့ကို ချထားသဖြင့်၊ အသင်းတော်အဘို့အလို့ငှါ၊ သူ့ကို အလုံးစုံ၏အချုပ်အခြာ ဦးခေါင်းဖြစ်စေတော်မူ၏။ ထိုအသင်းတော်အား၊ အလုံးစုံတို့နှင့် ပြည့်စုံတော်မူသောသူ၏ ပြည့်စုံခြင်းတည်း ဟူသော ခရစ်တော်၏ ကိုယ်ဖြစ်သတည်း"*။ **ဧဖက် ၁း၂၂-၂၃**

## ဤသင်းတော်ကား ကျွန်ုပ်တို့ကို ပိုင်သောသူဖြစ်သည်